COVID–19 ကမ္ဘာ့ကပ်ရောဂါ နှင့် နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများ

# ချင်းပြည်နယ်အား လေ့လာဆန်းစစ်ခြင်း




အိုင်အိုအမ်၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော ချင်းလူ့အခွင့်အရေးအဖွဲ့အစည်း (CHRO) မှ ရွှေ့ပြောင်းလုပ်သားများရှိသည့် လူ့အဖွဲ့အစည်းမှ လမ်းဆောက်လုပ်ရေးလုပ်သားများအား တစ်ကိုယ်ရည်သုံးသန့်ရှင်းရေးပစ္စည်းများ (WASH) ထောက်ပံ့ပေးနေစဉ်။ © အိုင်အိုအမ် ၂၀၂၀

## ခြုံငုံသုံးသပ်ခြင်း

ယခု လေ့လာဆန်းစစ်မှုအား အလုပ်သမားညွှန်ကြားရေးဦးစီးဌာန နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်)၏ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုဖြင့် ချင်းလူ့အခွင့်အရေးအဖွဲ့အစည်း (Chin Human Rights Organization) မှ ကောက်ခံခဲ့ပါသည်။ ဤလေ့လာဆန်းစစ်မှုသည် ချင်းပြည်နယ်၏ မြို့နယ်ခုနှစ်မြို့နယ်အား လွှမ်းခြုံခဲ့ပြီး၊ မတူပီ၊ ကန်ပက်လက်၊ တီးတိန်၊ ထန်တလန်၊ ဖလမ်း၊ ဟားခါး နှင့် မင်းတပ်မြို့နယ်တို့ ဖြစ်ပါသည်။[၁]

လေ့လာအကဲခတ်မှု၏ ရည်ရွယ်ချက်များမှာ –

၁ နေရပ်ပြန်လာသူများနှင့် ၎င်းတို့၏ အသိုင်းအဝန်း/ ရပ်ရွာကြား တွေ့ကြုံရသော အခက်အခဲများနှင့် အနာဂါတ် ရည်မှန်းချက်များကို သိရှိနားလည်ရန်။

၂ COVID–19 ကမ္ဘာ့ကပ်ရောဂါကြောင့် နေရပ်ပြန်များ ကြုံတွေ့ခဲ့ရသော အခက်အခဲများကိုဖြေရှင်းရာတွင် သက်သေအထောက်အထားအခြေပြုသည့် တုန့်ပြန်မှုအား အထောက်အကူဖြစ်စေရန်။

## ရွှေ့ပြောင်းအလုပ်လုပ်ရာမှ နေရပ်သို့ ပြန်လာခြင်း

နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူ ၂,၃၁၁ ဦးကို ကောက်ခံခဲ့သော လေ့လာဆန်းစစ်မှုအရ ချင်းပြည်နယ်သို့ ပြန်လာသူ ၃၈၇ ဦးရှိပြီး၊ အမျိုးသမီး ၁၅၅ ဦး နှင့် အမျိုးသား ၂၃၂ ဦး ရှိသည်။[၂] ချင်းပြည်နယ်၏ နေရပ်ပြန် ၇၆ ရာခိုင်နှုန်းဖြစ်သော ၂၉၅ ဦးမှာ ပြည်ပမှ ပြန်လာသူခဲ့များဖြစ်ပြီး ၉၂ ဦး (၂၄ %) မှာ ပြည်တွင်းမှ ဖြစ်သည်။

ချင်းပြည်နယ်၏ ပြည်ပမှ နေရပ်ပြန်လာသူများထဲတွင် ၂၈ % မှာ တရုတ်နိုင်ငံ ပြန်လာပြီး၊ အိန္ဒိယနိုင်ငံမှ ၂၈ %၊ မလေးရှားမှ ၂၆ %၊ စင်ကာပူမှ ၁၁ % နှင့် ထိုင်းနိုင်ငံမှ ၃%၊ ဂျပန်နိုင်ငံမှ ၂%၊ တောင်ကိုရီးယားနိုင်ငံမှ ၁% အသီးသီးရှိကြပြီး၊ အခြား ၁ % မှာ လေ့လာမှု စစ်တမ်းတွင် ရွေးချယ်ရန် ဖော်ပြထားသည့် “မသက်ဆိုင်ပါ” ဟူသည့် အဖြေကို ရွေးချယ်ဖြေဆိုခဲ့သူများ ဖြစ်သည်။ အများစုသော ပြည်တွင်းရွှေပြောင်းသွားလာသူများသည် ရန်ကုန်မှ (၆၄ %) ပြန်လာခဲ့ကြပြီး၊ အခြားနေရပ်ပြန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး မှ ၁၁ %၊ ချင်းပြည်နယ်အတွင်းမှ ၁၀ %၊ မန္တလေးတိုင်းဒေသကြီး မှ ၄ %၊ ကချင်ပြည်နယ်မှ ၃ %၊ မကွေးတိုင်းဒေသကြီးမှ ၃ %၊ နေပြည်တော်မှ ၂ % အပြင် ရှမ်းပြည်နယ်မှ ၂ % အသီးသီး ဖြစ်သည်။

[၁] စစ်တမ်းကောက်ယူမှုတွင် အသုံးပြုခဲ့သည့် နည်းစနစ်အသေးစိတ်နှင့် လေ့လာတွေ့ရှိချက် အပြည့်အစုံကို အစီရင်ခံစာတွင် ကြည့်ရှုပါရန်။
[၂] တင်ပြပုံအစီရင်ခံစာ ရည်ရွယ်ချက်အတွက် ရာခိုင်နှုန်း ကိန်းဂဏန်းများကို ရာနှုန်းပြည့် အနီးစပ်ဆုံး အတိုချုပ်ဖော်ပြထားပါသည်။ ဒသမကိန်းများကြောင့် ၁၀၀ ရာခိုင်နှုန်း အပြည့် မဖော်ပြနိုင်ခြင်းဖြစ်ပါသည်။


Funding for this assessment was provided by the Livelihoods and Food Security Fund (LIFT)

ချင်းပြည်နယ် မှ နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူ ၂၇% မှာ COVID-19 ကြောင့် ၎င်းတို့၏ အလုပ်အကိုင်ဆုံးရှုံးကာ နေရပ်ပြန်လာခြင်း ဖြစ်ကြောင်းဖြေဆိုပါသည် (အမျိုးသား ၂၈% နှင့် အမျိုးသမီး ၂၅%)။ နေရပ်ပြန် ၁၆% မှ ယခုအခြေအနေကို ကြောက်ရွံ့၍ ပြန်လာခြင်း ဖြစ်ကြောင်း ဖြေဆိုခဲ့ပြီး (အမျိုးသား ၁၇% နှင့် အမျိုးသမီး ၁၄%)၊ ၁၁% မှာ COVID-19 ကြောင့် မိသားစုမှ နေရပ်ပြန်လာရန် ပြောသဖြင့် ပြန်လာကြောင်း (အမျိုးသား ၁၀% နှင့် အမျိုးသမီး ၁၂%) ဖြေဆိုခဲ့ပါသည်။ အခြားသော နေရပ်ပြန် ၃၂% မှ ကမ္ဘာ့ကပ်ရောဂါကြောင့် ပြန်လာခြင်းမဟုတ်ဟုဖြေဆိုခဲ့ပြီး၊ ၈% မှာ အခြားအကြောင်းပြချက်ဖြင့် ပြန်လာခဲ့သည်ဟု ဖြေဆိုခဲ့သော်လည်း ကမ္ဘာ့ကပ်ရောဂါ နှင့် ၎င်းတို့အကြောင်းပြချက်မှာ ဆက်စပ်နေသည်။ ဖြေဆိုသူများထဲမှ အခြား ၇% မှာ ၎င်းတို့ ရွှေ့ပြောင်းသွားလာနေထိုင်ရာနေရာတွင် အခက်အခဲများလာခြင်း၊ သကြြန်ပိတ်ရက်များ နှင့် COVID-19 ကြောင့် သွားလာမှုကန့်သတ်ခြင်း (lockdown) မှ ရှောင်ရှားလိုခြင်းစသည်တို့ကြောင့် ပြန်လာခြင်းဖြစ်ကြောင်း ဖြေဆိုပါသည်။

နေရပ်ပြန်များ၏ ရွှေ့ပြောင်းသွားလာခဲ့သည့် နိုင်ငံများပေါ်မူတည်၍ ၎င်းတို့ နေရပ်သို့ပြန်လာရခြင်း အကြောင်းရင်းများ ကွဲပြားကြပါသည်။ တရုတ်နိုင်ငံမှ ပြန်လာသော ချင်းပြည်နယ်၏ နေရပ်ပြန် ၃၅% ၏ ပြန်လာသော အကြောင်းပြချက်မှာ COVID-19 နှင့် ဆက်စပ်မှု မရှိဟု ဖြေဆိုခဲ့ပြီး၊ ၃၄% မှာ COVID-19 ၏ သက်ရောက်မှုကြောင့် အလုပ်ဆုံးရှုံးခဲ့၍ ပြန်လာခြင်းဖြစ်ပြီး ၁၁% မှာ ကြောက်ရွံ့သောကြောင့် ပြန်လာခြင်းဖြစ်ကြောင်း ဖြေဆိုခဲ့ကြပါသည်။ တရုတ်နိုင်ငံ နှင့် အိန္ဒိယနိုင်ငံများမှ ပြန်လာသော နေရပ်ပြန်များထဲတွင် COVID-19 ၏ သက်ရောက်မှုကြောင့် အလုပ်ဆုံးရှုံး၍ ပြန်လာသည်ဟု ဖြေဆိုသူ ၃၈% ရှိပြီး၊ ၂၀% မှာမူ COVID-19 ကိုကြောက်ရွံ့သောကြောင့် ပြန်လာခဲ့သည်ဟု ဖြေဆိုခဲ့ကြပါသည်။ မလေးရှားမှ ပြန်လာသော နေရပ်ပြန်များထဲတွင် ဖြေဆိုသူ၏ ၃၈% မှာ ၎င်းတို့ပြန်လာသော အကြောင်းပြချက်မှာ ကမ္ဘာ့ကပ်ရောဂါနှင့် ဆက်စပ်မှု မရှိဟုဖြေဆိုခဲ့ပြီး၊ ၂၀% မှာ COVID-19 ကြောင့် အလုပ်ဆုံးရှုံး၍ ပြန်လာခြင်းဖြစ်ကြောင်းဖြေဆိုခဲ့ပြီး အခြား ၁၆% မှာ COVID-19 ကြောင့် မိသားစုများမှ နေရပ်သို့ ပြန်လာစေချင်၍ ပြန်လာခြင်းဖြစ်ကြောင်း ဖြေဆိုခဲ့ပါသည်။

နေရပ်သို့ ပြန်လာသူအများစုထဲတွင် ချင်းပြည်နယ်မှ ရွှေ့ပြောင်းသွားလာသူ၏ ၂၀% မှာ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများလာခြင်းအား ခံစားခဲ့ရသည် (အမျိုးသား ၁၆% နှင့် အမျိုးသမီး ၂၄%) ဟုဖြေဆိုခဲ့ပြီး၊ ၁၂% မှာ ခွဲခြားဆက်ဆံခံရခြင်း/ နှိမ်ချအပြစ်တင်ခြင်း (stigma) ကို ခံစားခဲ့ရသည် ဟုဖြေဆိုခဲ့ကာ (အမျိုးသား ၁၂% နှင့် အမျိုးသမီး ၁၃%)၊ ၁၂% မှာမူ စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုခံခဲ့ရသည်ဟု ဖြေဆိုခဲ့ပါသည် (**ဇယား - ၁ ကို ကြည့်ရန်**)။ နေရပ်ပြန် ၄၁% မှ အထက်တွင် ဖော်ပြပါအရာများနှင့် ပတ်သက်မှုမရှိဟု ဖြေဆိုခဲ့စဉ်တွင် ၁၀% မှာ ခြိမ်းခြောက်ခံရမှု (သို့မဟုတ်) ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုခံခဲ့ရကြောင်းဖြေဆိုပါသည်။

ချင်းပြည်နယ်သို့ ပြန်လာသည့် ရွှေ့ပြောင်းသွားလာသူများသည် တူညီသော စိတ်ဖိစီးမှုများကို တွေ့ကြုံခံစားခဲ့ရသည်ဟု ဖြေဆိုခဲ့ကြသည်။ ထိုနေရပ်ပြန်များထဲမှ ၁၉% မှ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများလာသည်ကို ခံစားခဲ့ရကြောင်း ဖြေဆိုခဲ့ကာ ( အမျိုးသား ၁၆% နှင့် အမျိုးသမီး ၂၄%)၊ ဖြေဆိုသူ၏ ၁၄ % မှာ ခွဲခြားဆက်ဆံခံရမှု/နှိမ်ချအပြစ်တင်ခြင်း (stigma) ခံခဲ့ရသည်ဟု ဖြေဆိုခဲ့ပြီး၊ ၁၁% မှာမူ မြင့်တက်လာသော စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု ခံစားခဲ့ရကြောင်း ဖြေဆိုခဲ့ပါသည်။ နောက်ထပ် ၉% မှာ ရုပ်ပိုင်းဆိုင်ရာအနိုင်ကျင့်မှု (သို့မဟုတ်) ခြိမ်းခြောက်မှုများကို ခံစားခဲ့ရကြောင်း ဖြေဆိုခဲ့ပါသည်။ နေရပ်ပြန် ၄၂% မှ လေ့လာအကဲခတ်မှုတွင် ဖော်ပြပါ ရွေးချယ်စရာများ



သည် ၎င်းတို့နှင့် ဆက်စပ်မှုမရှိဟု ဖြေဆိုခဲ့ပါသည်။ အထက်ဖော်ပြပါ အကြောင်းအရာများသည် ချင်းပြည်နယ်တွင် လက်ရှိလုပ်ဆောင်နေသော COVID–19 တုန့်ပြန်ဆောင်ရွက်မှုများတွင် စိတ်ကျန်းမာရေးနှင့် လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့သည့် ဝန်ဆောင်မှုများ (MHPSS) ထည့်သွင်းရန် အရေးကြီးမှုကို ဖော်ပြနေပါသည်။

အသွားအလာကန့်သတ်စောင့်ကြည့်ရန် နေရာများ (community quarantine facilities) နှင့် နေအိမ်တွင် အသွားအလာကန့်သတ်စောင့်ကြည့်ခြင်း တစ်ခု မဟုတ် တစ်ခုဖြင့် ပြည်တွင်း နှင့် ပြည်ပနေရပ်ပြန်များကို အသွားအလာကန့်သတ်စောင့်ကြည့်ရန် လိုအပ်ခဲ့ပါသည်။ ချင်းပြည်နယ်တွင် နေရပ်ပြန် ၈၆% မှ ၎င်းတို့အား ပုံစံအချို့ဖြင့် အသွားအလာကန့်သတ်စောင့်ကြည့်ခြင်းပြုလုပ်ရန် တောင်းဆိုခြင်းခံခဲ့ရသည်ဟု ဖြေဆိုခဲ့ပြီး ၂၈% မှာမူ အသွားအလာကန့်သတ်စောင့်ကြည့်ရန် တောင်းဆိုခြင်းမခံခဲ့ရကြောင်း ဖြေဆိုခဲ့ပါသည်။ (ကျန်ရှိသောသူများမှာ ၎င်းတို့အား မည်သို့ပြုလုပ်ရမည်နှင့် မည်သို့မပြုလုပ်ရန် ပြောဆိုခဲ့သည်များကို မမှတ်မိတော့ပါ)။ မိမိဒေသသို့ ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန်များကို အသွားအလာကန့်သတ်စောင့်ကြည့်ရန် အကြံပြုတောင်းဆိုခြင်းခံခဲ့ရပြီးနောက် ၇၁% မှာ အသွားအလာကန့်သတ်စောင့်ကြည့်ခြင်းအား ပြုလုပ်ခဲ့ကြောင်း နှင့် ၂၈ % မှာမူ အသွားအလာကန့်သတ်စောင့်ကြည့်မှုအား မပြုလုပ်ခဲ့ဟု ဖြေဆိုပါသည်။


အသွားအလာကန့်သတ်စောင့်ကြည့်သော နေရာ (community quarantine facility) တွင် အသွားအလာကန့်သတ်စောင့်ကြည့်ခံခဲ့သောနေရပ်ပြန်များ၏ ၂၈% မှ ကာကွယ်ရေးနှင့် သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းများ မလုံလောက်ဟု ဖြေဆိုခဲ့ပြီး ၁၆% ကမူ အဝတ်အစားများ၊ စောင်များ နှင့် ဖျာများစသည့် အစားအသောက်မဟုတ်သော ထောက်ပံ့ရေးပစ္စည်းများမလုံလောက်ဟု ဖြေဆိုခဲ့ပါသည်။ အခြားသော ၁၄% မှာ တစ်ကိုယ်ရည် သုံးသန့်ရှင်းရေးပစ္စည်းများ (WASH) လုံလောက်မှုမရှိဟု ဖြေဆိုခဲ့ပါသည်။ ဖြေဆိုသူများထဲမှ ၁၃% မှ အသွားအလာကန့်သတ်စောင့်ကြည့်မှုခံနေစဉ် အခြားစိန်ခေါ်မှုများကို ညွှန်ပြခဲ့ကြပြီး ၁၁% မှာ အသွားအလာကန့်သတ်စောင့်ကြည့်သော နေရာ များ၏ မလုံခြုံမှု/မသင့်တော်သောနေရာဖြစ်နေမှု၊ ၇% မှ လုံလောက်သော စိတ်ပိုင်းဆိုင်ရာအားပေးမှု အားနည်းခြင်း နှင့် အခြား ၅ % မှာ မူ အစားအသောက်မလုံလောက်မှုတို့အား အသီးအသီး ညွှန်ပြခဲ့ကြပါသည်။ အသွားအလာကန့်သတ်စောင့်ကြည့်ခြင်းတွင် တူညီသော စိန်ခေါ်မှုများ ကြုံတွေ့ရကြောင်း အမျိုးသား နှင့် အမျိုးသမီးများမှ ဖြေဆိုခဲ့ကြသည်။

## စီးပွားရေးအခြေအနေ

COVID–19 ကမ္ဘာ့ကပ်ရောဂါသည် ရွှေ့ပြောင်းလုပ်သားများစွာအား မြန်မာနိုင်ငံသို့ ပြန်လာရန် တွန်းအားပေးနေသည်။ နောက်ဆက်တွဲအနေဖြင့် ရွှေ့ပြောင်းသွားလာသူများ နှင့် ၎င်းတို့မိသားစု၏ အဓိဝင်ငွေအရင်းအမြစ်ဆုံးရှုံးမှုနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ချင်းပြည်နယ်မှ အိမ်ထောင်စုများသည် အခြားလေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့သည့် တိုင်းဒေသကြီး နှင့် ပြည်နယ်များထက် အနည်းငယ် ပိုမိုကောင်းမွန်သည့် အတွေ့အကြုံရှိခဲ့သော်လည်း (**ဇယား – ၂** ကို ကြည့်ပါ)၊ ချင်းပြည်နယ်မှ နေရပ်ပြန် ၃၁%မှ လွှဲပို့ငွေသည် ၎င်းတို့၏ အဓိကဝင်ငွေဖြစ်သည်ဟု ဖြေဆိုပြီး ထိုလွှဲပို့ငွေအား ၎င်းတို့ မိသားစုအနေဖြင့် ဆက်လက်ရရှိနိုင်ခြေမရှိတော့ဟု ဆိုပါသည် (အမျိုးသား ၃၈% နှင့် အမျိုးသမီး ၂၁%)။ အခြား ၃၉% သော နေရပ်ပြန်များမှ လွှဲပို့ငွေသည် ၎င်းတို့ အိမ်ထောင်စု၏ အဓိကဝင်ငွေမဟုတ်ဟု ဖြေကြားခဲ့ပါသည် (အမျိုးသား ၃၃% နှင့် အမျိုးသမီး ၄၉%)။

လွှဲပို့ငွေဆုံးရှုံးခြင်းသည် ရွှေ့ပြောင်းသွားလာသူများ၊ ၎င်းတို့၏ မိသားစုဝင်များ နှင့် လူမှုပတ်ဝန်းကျင်ကို ပုံစံအမျိုးမျိုးဖြင့် သက်ရောက်ခဲ့ပါသည်။ ချင်းပြည်နယ်ရှိ အိမ်ထောင်စုများသည် အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များထက် ငွေကြေးစုဆောင်းမှု လျော့နည်းသွားပါသည်။ ဥပမာအနေဖြင့် ချင်းပြည်နယ် မှ ၇၉% သော နေရပ်ပြန်များ

ဇယား (၂) လွှဲပို့ငွေ



မှ ၄င်းတို့၏ အိမ်ထောင်စုများတွင် စုဆောင်းငွေမရှိဟု ဖြေဆိုခဲ့ကြပြီး (အမျိုးသား ၈၁% နှင့် အမျိုးသမီး ၇၆%)၊ ၁၄% ကမူ ၄င်းတို့တွင် စုဆောင်းငွေရှိသော်လည်း ပြန်လည်အသုံးပြုရမှု မြင့်တက်နေကြောင်း ဖြေဆိုခဲ့ကြသည်။ ချင်းပြည်နယ်၏ နေရပ်ပြန်များထဲမှ ၈% သော နေရပ်ပြန်များသာ ၄င်းတို့အိမ်ထောင်စုများတွင် စုဆောင်းငွေရှိပြီး ပြန်လည်အသုံးပြုရန် မလိုအပ်သေးဟု ဖြေဆိုခဲ့သည်။

လွှဲပို့ငွေ မရရှိတော့သော အိမ်ထောင်စုများသည် ၄င်းတို့၏ စီးပွားရေး မပြည့်စုံမှုကို ဖြည့်စည်းရန် အခြားဝင်ငွေရရှိနိုင်သော နည်းလမ်းများကို ရှာဖွေခဲ့ကြသည်။ အချို့သော မိသားစုများသည် ချေးငွေများ ရယူသုံးစွဲရခြင်းကြောင့် အကြွေးများပိုလာကြသည်။ ချင်းပြည်နယ်တွင် နေရပ်ပြန် ၄၉% မှ ၄င်းတို့အိမ်ထောင်စုတွင် ကြွေးမြီမရှိဟု ဖြေဆိုခဲ့ကြပြီး ထိုအညွှန်းမှာအမျိုးသားနေရပ်ပြန်များ၏ အိမ်ထောင်စုထက် အမျိုးသမီးနေရပ်ပြန်များ၏ အိမ်ထောင်စုက ပိုများသည် (၅၅% Vs ၄၄%)။ အခြားသော ၂၉% မှ ၄င်းတို့အိမ်ထောင်စုများတွင် ကြွေးမြီဆပ်ရန်ရှိနေသည်ဟု ဖြေဆိုခဲ့ပြီး ထိုအကြွေးများသည် COVID-19 ကမ္ဘာ့ကပ်ရောဂါ စတင်ချိန်ကတည်း ပိုမိုဆိုးရွားလာခဲ့သည်ဟု ဆိုပါသည်။ ၂၃% သော နေရပ်ပြန်များကမူ ၄င်းတို့တွင်ကြွေးမြီ များဆပ်ရန် ရှိသော်လည်း ထိုကြွေးမြီများသည် COVID-19 ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှု မဟုတ်ဟု ဖြေဆိုခဲ့သည်။

## ရည်ရွယ်ချက်များ

မြန်မာနိုင်ငံ နှင့် ကမ္ဘာတဝန်းလုံးတွင် COVID-19 အကျပ်အတည်းသည် ပြီးဆုံးရန် ကြာရှည်ဦးမည်ဖြစ်သော်လည်း၊ နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများသည် ၄င်းကိုယ်တိုင် နှင့် မိသားစုရပ်တည်နိုင်ရေးအတွက် မည်ကဲ့သို့ ပြုလုပ်မည်ကို စဉ်းစားနေကြရပြီ ဖြစ်သည်။ အချို့သော နေရပ်ပြန်များအတွက် ပြန်လည်ရွှေ့ပြောင်းခြင်းသည် ၄င်းတို့အတွက် အကောင်းဆုံးရွေးချယ်မှုတစ်ခုအဖြစ် ရှိနေပြီး၊ ချင်းပြည်နယ်၏ ဖြေဆိုသူ နေရပ်ပြန်များထဲမှ ၁၉၇ ဦး (၅၁%) မှာ ပြန်လည်ရွှေ့ပြောင်းရန် စီစဉ်နေသည်ဟု ဖြေဆိုခဲ့ပါသည်။ ထိုပြန်လည်ရွှေ့ပြောင်းရန် အစီအစဉ်ရှိသူ ၁၉၇ ဦးထဲမှ ၈၀% မှာ မကြာခင်ပြန်လည်ရွှေ့ပြောင်းမည်ဟု ဖြေဆိုခဲ့ပြီး၊ ၉% မှာ ၁ လ နှင့် ၃ လကြားအတွင်း နှင့် ၅% မှာ နောက်နှစ်တွင်ပြန်လည်ရွှေ့ပြောင်းရန် စီစဉ်မည်ဟု ဖြေဆိုခဲ့ကြသည်။ နေရပ်ပြန် ၇% ကမူ ၄င်းတို့ မည်သို့ပြုလုပ်ရမည် မသိသေးကြောင်း ဆိုပါသည်။

မြန်မာနိုင်ငံ၏ အခြားဒေသများတွင် နေရပ်ပြန် ရွှေ့ပြောင်းသူများကို ကောက်ခံခဲ့သည့် လေ့လာဆန်းစစ်မှုနှင့်တူညီစွာ ချင်းပြည်နယ်၏ ပြန်လည်ရွှေ့ပြောင်းရန် အစီအစဉ်ရှိသော နေရပ်ပြန်များထဲမှ ၈၃% မှာ ၄င်းတို့ မူလအလုပ်လုပ်ကိုင်ခဲ့သော နေရာတွင်သာ ပြန်လည်ရွှေ့ပြောင်းရန် ဆန္ဒရှိသည်ဟု ဖြေဆိုခဲ့ကြပြီး၊ ၁၇% မှ အခြားမတူညီသောနေရာသို့သာ ပြန်လည်ရွှေ့ပြောင်းမည်ဟု ဆိုပါသည်။ ပြန်လည်ရွှေ့ပြောင်းရန်အစီအစဉ်ရှိသော နေရပ်ပြန်ထဲမှ ၇၀% သည် ကမ္ဘာ့ကပ်ရောဂါမတိုင်ခင် ၄င်းတို့ လုပ်ကိုင်ခဲ့သောအလုပ်တွင်သာ ပြန်လုပ်ကိုင်ရန် ဆန္ဒရှိသည်ဟု ဖြေဆိုခဲ့သည်။ ချင်းပြည်နယ်၏ နေရပ်ပြန်များထဲမှ ပြန်လည်ရွှေ့ပြောင်းရန် ဆန္ဒမရှိတော့သောသူများ၏ တစ်ဝက်ကျော် (၅၃%) သည် စိုက်ပျိုးရေးနှင့်သက်ဆိုင်သော အလုပ်များကို လုပ်ကိုင်မည်ဟု ဖြေဆိုပြီး ထိုဖြေဆိုသူများထဲတွင် အမျိုးသားများက အမျိုးသမီးများထက်များသည် (၆၁% Vs ၄၀%)။ အမျိုးသမီးများသည် အမျိုးသားများထက် ကျပန်းအလုပ် လုပ်ကိုင်ရန် ရှာဖွေလိုကြပြီး (၂၆% Vs ၁၆%)၊ အခြား ၁၀% ကမူ လေ့လာမှုစစ်တမ်းကောက်ခံသော စာရင်းထဲတွင်မပါသော အလုပ်အကိုင်များကို လုပ်ရန် အစီအစဉ်ရှိသည်ဟု ဆိုပါသည်။ ၉% မှာ ခလေးထိန်း/ ဆောက်လုပ်ရေး/ အိမ်ဖော်/ စက်ရုံ/ မိသားစုစီးပွားရေး လုပ်ကိုင်ရန် အစီအစဉ်ရှိပြီး၊ ၆% မှာမူ မည်သည့်အရာ လုပ်ကိုင်ရမည်ကို မသိသေးကြောင်း ဆိုပါ သည်။

နေရပ်ပြန်ရွှေ့ပြောင်းသွားလာသူများ နှင့် ၄င်းတို့၏မိသားစုများသည် COVID-19 နှင့်သက်ဆိုင်သည့် ခရီးသွားလာရေးကန့်သတ်ချက်များကို ဖယ်ရှားခြင်း သို့မဟုတ် ဖြေလျှော့ခြင်းနှင့်ပတ်သက်၍ မည်သို့သော အခြေအနေဖြစ်လာမည်ကို စောင့်ကြည့်နေစဉ် ဝင်ငွေအရင်းအမြစ်မရှိဘဲ နေထိုင်ရသော ၄င်းတို့အတွက် ချက်ချင်း (လတ်တလော) ထောက်ပံ့ရန်လိုအပ်သောအရာများ ရှိနေသည်။ ချင်းပြည်နယ်၏ နေရပ်ပြန်များကို ကောက်ခံခဲ့သော ဆန်းစစ်မှုအရ နေရပ်ပြန်များ၏ လေးပုံတစ်ပုံကျော်ဖြစ်သည့် ၂၈% မှ အစားအစာထောက်ပံ့ရန် အရေးအကြီးဆုံးဖြစ်သည်ဟု ဖြေကြားခဲ့ကြပြီး၊ ၂၂% မှာ အသက်မွေးဝမ်းကျောင်းမှုထောက်ပံ့ရန်၊ ၁၃% မှာ လိုအပ်နေသော တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများ နှင့် အခြား ၁၂% မှာ အရေးတကြီးလိုအပ်နေသော နိုင်ငံသားဖြစ်ကြောင်း အထောက်အထား စာရွက်စာတမ်းများပြုလုပ်ရန် အထောက်အပံ့များ လိုအပ်နေကြောင်း ဖြေဆိုခဲ့ပါသည်။ အခြားသော ၂၅% ထဲတွင် ၈% မှာ နေရာထိုင်ခင်း (အမိုးအ



သူနာပြုများ နှင့် CHRO အဖွဲ့မှ COVID-19 အန္တရာယ်ကာကွယ်ရေး သတင်းအချက်အလက်ပိုစတာများ ကပ်နေစဉ်။ © အိုင်အိုအမ် ၂၀၂၀


ကာ) လိုအပ်ခြင်း၊ ၆% မှာ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ခြင်း၊ ၆% မှာ အဝတ်အထည်လိုအပ်ခြင်း နှင့် ၅% မှာ စိတ်ပိုင်းဆိုင်ရာအားပေးမှု လိုအပ်ခြင်းတို့ကို အသီးသီးဖြေကြားခဲ့ကြသည်။ အမျိုးသားများ နှင့် အမျိုးသမီးများ၏ ချက်ချင်း(လတ်တလော) လိုအပ်သောအရာများကို ဖော်ပြရာတွင် တူညီမှုရှိကြသည်။

ယခုကမ္ဘာ့ကပ်ရောဂါထိန်းချုပ်နိုင်မှုအခြေအနေ တိုးတက်လာလျှင် ချက်ချင်း(လတ်တလော) ထောက်ပံ့ရန် လိုအပ်သောအရာများအပြင် နေရပ်ပြန်ရွှေ့ပြောင်းသူများ နှင့် ၎င်းတို့၏ မိသားစုများအတွက် စီးပွားရေး၊ လူမှုရေး နှင့် စိတ်ပိုင်းဆိုင်ရာအားပေးမှုများ လိုအပ်ပါလိမ့်မည် (**ဇယား – ၃** ကို ကြည့်ပါ)။ ၂၇% သော ချင်းပြည်နယ်မှ နေရပ်ပြန်များသည် ကျွမ်းကျင်မှုဆိုင်ရာ သက်မွေးပညာသင်တန်းပေးခြင်းသည် ၎င်းတို့အတွက် အကောင်းဆုံးအကူအညီဖြစ်သည်ဟု ဖြေဆိုပြီး (အမျိုးသား ၂၆% နှင့် အမျိုးသမီး ၂၉%)၊ ၂၆% မှာ စီးပွားရေး စတင်နိုင်ရန် အထောက်အပံ့ပေးခြင်းသည် အကျိုးဖြစ်စေသည် (အမျိုးသား ၂၇% နှင့် အမျိုးသမီး ၂၄%)ဟု ဖြေဆိုပြီး၊ ၁၄% ကမူ ၎င်းတို့၏ ပြန်လည်ရွှေ့ပြောင်းသွားလာခြင်း/ ပြည်ပအလုပ်အကိုင်ရှာဖွေပေးခြင်းတွင် အကူအညီပေးရန်ဖြေဆိုပါသည် (အမျိုးသား ၁၃% နှင့် အမျိုးသမီး ၁၅%)။ နေရပ်ပြန်သူများအား အလုပ်အတွက် ချက်ချင်းပြောင်းရွှေ့ခြင်းထက် အခြားရွေးချယ်စရာများရှိနေချိန်တွင် ဤအကူအညီပုံစံများသည် COVID-19 ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်ပါသည်။

## နိဂုံး

ချင်းပြည်နယ်သို့ ပြန်လာသော နေရပ်ပြန်ရွှေ့ပြောင်းအလုပ်သမားများ၏ အတွေ့အကြုံများကိုလေ့လာရာမှ တွေ့ရှိချက်များအရ ကမ္ဘာ့ကပ်ရောဂါသည် ချင်းပြည်နယ်၏ နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏ မိသားစုများ၏ စိတ်ပိုင်းဆိုင်ရာ၊ စီးပွားရေး နှင့် ဆက်စပ်သည့် စိတ်ဖိစီးမှုများကို သက်ရောက်မှုရှိသည်ဟု ညွှန်ပြနေပါသည်။ ချင်းပြည်နယ်မှ ရွှေ့ပြောင်းသွားလာသူများ နေရပ်သို့ ပြန်လာခြင်းမပြုမီ နှင့် နေရပ်သို့ ပြန်လာချိန်တွင် မတူညီသောပုံစံများဖြင့် စိတ်ပိုင်းဆိုင်ရာ ဖိအားများ သို့မဟုတ် အနိုင်ကျင့်ခံရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရခြင်းကို ခံခဲ့ရကြောင်း ဖြေဆိုသူ ထက်ဝက်လောက်က ဖြေဆိုခဲ့ပါသည်။ ထိုကဲ့သို့သော စိတ်ဒဏ်ရာရစေသော အတွေ့အကြုံများသည် ချင်းပြည်နယ်၏ COVID-19 တုန့်ပြန်ဆောင်ရွက်သော လုပ်ငန်းစဉ်များတွင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာအားပေးခြင်းလုပ်ဆောင်မှုများ (MHPSS) ကို ထည့်သွင်းလုပ်ဆောင်ရန် လိုအပ်ကြောင်း ညွှန်ပြနေပါသည်။ အခြားပြည်နယ် နှင့် တိုင်းဒေသကြီးများနှင့်နှိုင်းယှဉ်လျှင် အနည်းငယ်သော နေရပ်ပြန်များသာ အသွားအလာ ကန့်သတ်စောင့်ကြည့်ခြင်းအတွက် တောင်းဆိုမှုများခံခဲ့ကြရပြီး ထိုကဲ့သို့ အသွားအလာကန့်သတ်စောင့်ကြည့်ခံခဲ့ရသည့် နေရပ်ပြန်များ၏ ထက်ဝက်ဝန်းကျင်ရှိသူများသည် အစားအစာမလုံလောက်မှု၊ အစားအစာမဟုတ်သော ပစ္စည်းမလုံလောက်မှု နှင့် ဆက်လက်ထောက်ပံ့ပေးရန် လိုအပ်သည်ဟု ဖော်ပြထားသည့် တစ်ကိုယ်ရည် သန့်ရှင်းရေးသုံးပစ္စည်း မလုံလောက်မှုများရှိခဲ့ကြောင်း ဖြေဆိုခဲ့ပါသည်။ ချင်းပြည်နယ်၏ နေရပ်ပြန် သုံးပုံတစ်ပုံဝန်းကျင်မှာ လတ်တလောအနေဖြင့် စားနပ်ရိက္ခာ ထောက်ပံ့မှု လိုအပ်ကြောင်း ဖြေဆိုခဲ့ပြီး ၂၂% မှာမူ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အပံ့လိုအပ်သည်ဟု ဖြေဆိုခဲ့ပါသည်။

ဇယား (၃) ကမ္ဘာ့ကပ်ရောဂါထိန်းချုပ်နိုင်မှုအခြေအနေ တိုးတက်လာလျှင် အများဆုံး အကျိုးရှိသောထောက်ပံ့မှု




**ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်)**
လိပ်စာ – အမှတ် (၅၀/၁)၊ သီရိမင်္ဂလာ ၂ လမ်း၊ (၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဖုန်း – (+၉၅) ၉ ၇၃၂၃၆၆၇၉-၈၀၊ (+၉၅) ၁ ၅၃၂၂၇၉၊ ၅၃၃၅၀၉ ဖက်စ် – (+၉၅) ၁ ၅၃၂၂၇၉ အီးမေးလ် – iomyangon@iom.int
ဝက်ဘ်ဆိုဒ် – myanmar.iom.int/en ဖေ့စ်ဘွတ်ခ် – facebook.com/MissMigration